# Information Sheet



VOLUME I, ISSUE 58 22 June 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး (၁၆)ကြိမ်မြောက် အာဆီယံ ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ထွက်ခွာ | ၁ |
| ၂ | နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး | ၂ |
| ၃ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ရခိုင်ပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရုံးဝန်ထမ်းများနှင့်တွေ့ဆုံ | ၃ |
| ၄ | ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပသည့် (၂၅) ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ် (25th St. Petersburg International Economic Forum– SPIEF' 22) သို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက် | ၄ |
| ၅ | အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်နှင့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်တို့အကြား တွေ့ဆုံဆွေးနွေးပွဲကျင်းပ | ၈ |
| ၆ | ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ် | ၉ |
| ၇ | ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၁,၈၀၀ ကျော်ရရှိ | ၁၁ |
| ၈ | မြို့နယ်အချို့၌ PDF အကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့်နှင့် ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး | ၁၁ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၉ | အကြမ်းဖက်သမားများက သာသနာရေးဆိုင်ရာ အဆောက်အဦအား မီးပုလင်းများဖြင့် ပစ်ပေါက် | ၁၃ |
| ၁၀ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ | ၁၄ |

# Information Sheet

## ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး (၁၆) ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ထွက်ခွာ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ဇွန်လ ၂၂ ရက်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ နိုင်ငံဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံက ဦးစီးကျင်းပမည့် (၁၆) ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ဇွန်လ ၂၁ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ ထွက်ခွာသွားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံတကာရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်စိုးနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြပြီး မြန်မာကိုယ်စားလှယ်အဖွဲ့အား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၂-၆-၂၀၂၂)**

- **ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ဇွန်လ ၂၂ ရက်တွင် အာဆီယံ အလှည့်ကျဥက္ကဋ္ဌနိုင်ငံဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံက ဦးစီးကျင်းပမည့် (၁၆) ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ ထွက်ခွာသွားခဲ့။**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ဇွန်လ ၂၀ ရက်နှင့် ၂၁ ရက်တွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနအစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီးတို့က နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့ပါသည်။ ထို့နောက် တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်က-

- ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁/၂/၃)ပါ သဘောတူညီချက်များနှင့်ပတ်သက်၍လည်းကောင်း။
- အစိတ်အပိုင်း (၃) မှ ဆက်လက်ဆွေးနွေးရန်ကျန်ရှိသည့် ဇယား-၂ ပါဆွေးနွေးရန် အချက်များနှင့်ပတ်သက်၍လည်းကောင်း။
- အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီမှ လေ့လာဆန်းစစ်ဖော်ထုတ်စိစစ်ရေးအဖွဲ့၏ တွေ့ရှိချက်များအား ရှင်းလင်းတင်ပြခဲ့။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး၊ အဖွဲ့ဝင်များဖြစ်ကြသည့် စောစိန်ဝင်း၊ စောကျော်သန်းဌေးတို့ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၂၂-၆-၂၀၂၂)**

- **နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ဇွန်လ ၂၀ ရက်နှင့် ၂၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးခဲ့။**



ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော် (DKBA) စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီးတို့ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးနေမှု



ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော် (DKBA) စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီးတို့ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးလဲလှယ်နေမှု

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ရခိုင်ပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးဝန်ထမ်းများနှင့်တွေ့ဆုံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး နှင့် အဖွဲ့ဝင်များသည် ဇွန် လ ၁၉ ရက်နှင့် ဇွန်လ ၂၁ ရက်တွင် ရခိုင်ပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိုင်ငံတော်အနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများ၊ လူဦးရေစာရင်းကောက်ယူပြီးစီးမှု အခြေအနေများ၊ မဲဆန္ဒရှင်စာရင်းများ မှန်ကန်စွာပြုစုရေးဆိုင်ရာများ၊ PR စနစ်ဖြင့် ရွေးကောက်ပွဲပြောင်းလဲကျင်းပပေးမည့် အခြေအနေများ၊ ပါတီများကို ဥပဒေနှင့်အညီ စစ်ဆေးနေမှုများ၊ ရခိုင်ပြည်နယ်တွင် လိုအပ်ပါက မဲရုံများ ထပ်မံတိုးချဲ့နိုင်ရေးကိစ္စရပ်များ၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေဆိုင်ရာများနှင့် ရွေးကောက်ပွဲထပ်မံကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် ကိစ္စရပ်များကို ပြောကြားခဲ့ပါသည်။




ရခိုင်ပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးသူရိန်ထွန်းက ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများ၏ ဝန်ထမ်းခန့်အပ်ထားမှုနှင့် မဲစာရင်းပြုစုရန်အတွက် လိုအပ်သော လူဦးရေစာရင်း ပြုစုပြီးစီးမှုများကို ရှင်းလင်းတင်ပြခဲ့ပါသည်။ စစ်တွေခရိုင်၊ သံတွဲခရိုင်နှင့် ကျောက်ဖြူခရိုင်ရွေးကောက်ပွဲအရာရှိတို့က လူဦးရေစာရင်းကောက်ယူပြီးစီးမှုနှင့် မဲစာရင်းပြုစုပြီးစီးမှုအခြေအနေများ၊ ရုံးတည်ဆောက်ရေးအတွက် မြေနေရာရရှိမှုနှင့် ရုံးဆောက်လုပ်ပြီးစီးမှုအခြေအနေများကို တင်ပြခဲ့သည့်အပြင် ရုံး၏လိုအပ်ချက်များ၊ ဝန်ထမ်းလိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၂-၆-၂၀၂၂)**

- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရုံးဝန်ထမ်းများနှင့်တွေ့ဆုံရာတွင် လူဦးရေစာရင်းကောက်ယူပြီးစီးမှုအခြေအနေများ၊ မဲဆန္ဒရှင်စာရင်းများ မှန်ကန်စွာပြုစုရေးဆိုင်ရာများ၊ PR စနစ်ဖြင့် ရွေးကောက်ပွဲပြောင်းလဲကျင်းပပေးမည့် အခြေအနေများနှင့်ပတ်သက်၍ ပြောကြားခဲ့။**

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင်ကျင်းပသည့် (၂၅) ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ် (25th St. Petersburg International Economic Forum– SPIEF’ 22) သို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကိုကိုလှိုင်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့ ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏သမ္မတ အကြံပေးနှင့် (၂၅) ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ်ကျင်းပရေးကော်မတီ၏ အမှုဆောင် အတွင်းရေးမှူးဖြစ်သူ Mr. Anton Kobyakov ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့တွင် ဇွန်လ ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပသည့် (၂၅) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့ပါသည်။

- ဇွန်လ ၁၄ ရက်တွင် ပြည်ထောင်စုဝန်ကြီးဦးသောင်းဟန်နှင့် ကိုယ်စားလှယ်အဖွဲ့သည် Sigma LLC Co., Ltd. မှ Deputy Director General for Foreign Economic Relations ဖြစ်သူ Mr. Rodionov Nikita အား လက်ခံ




တွေ့ဆုံ၍ ရေနံထွက်ပစ္စည်းများထုတ်လုပ်ရေး၊ တင်သွင်းရောင်းချရေးနှင့် ရေနံချက်စက်ရုံတည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့။

- ဇွန်လ ၁၅ ရက်တွင် ပြည်ထောင်စုဝန်ကြီးဦးအောင်နိုင်ဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စွမ်းအင်ကုမ္ပဏီဖြစ်သော Sigma LLC Co., Ltd. မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံရေးအတွက် အခွင့်အလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဆွေးနွေးခဲ့။
- ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာပွင့်ဆန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့်အတူ ဥရောပအာရှစီးပွားရေးကော်မရှင်၊ မေခရိုစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H. E. Mr. Sergei Glazyev မှ တည်ခင်းသည့် အလုပ်သဘောညစာစားပွဲသို့ တက်ရောက်၍ နှစ်နိုင်ငံဘဏ်လုပ်ငန်းနှင့် ငွေပေးငွေယူ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Cooperation) လက်မှတ်ရေးထိုးရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား လက်တွေ့လုပ်ငန်းစဉ်ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များ၊ အာဆီယံနှင့် ဥရောပ-အာရှစီးပွားရေးကော်မရှင်အကြား ပေါင်းစပ်ဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် မြန်မာနိုင်ငံနှင့် ဥရောပ-အာရှစီးပွားရေးကော်မရှင်တို့အကြား လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်ရေးထိုးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။
- ဇွန်လ ၁၆ ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အီးအေအီးယူ-အာဆီယံ (EAEU-ASEAN) ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ရာ အီးအေအီးယူနှင့် အာဆီယံတို့အကြား သိပ္ပံနှင့်နည်းပညာနှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေး၊ စွမ်းအင်အသုံးပြုမှုတွင် ကာဗွန်လျှော့ချရေးနည်းလမ်းများ ပြောင်းလဲအသုံးပြုရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာစီမံချက်များ ပူးပေါင်းအကောင်အထည်ဖော်ရေး၊ ဒီဂျစ်တယ်လုပ်ငန်းစဉ်အကောင်အထည်ဖော်ရေးနှင့် ဒီဂျစ်တယ်အခြေခံအဆောက်အအုံ ထူထောင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့။
- ပြည်ထောင်စုဝန်ကြီးဦးအောင်နိုင်ဦးနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဝန်ကြီး H. E. Mr. Maksim Reshetnikov နှင့်တွေ့ဆုံ၍ ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးပူးတွဲကော်မရှင် တတိယအကြိမ်အစည်းအဝေးကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပရေး၊ ရုရှား-မြန်မာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (မူကြမ်း) လက်မှတ်ရေးထိုးရေး၊ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ရုရှားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် စက်မှုဇုန်များထူထောင်၍ လာရောက်လုပ်ကိုင်ရေးတို့ နှင့်စပ်လျဉ်း၍ နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။
- ပြည်ထောင်စုဝန်ကြီးဦးသောင်းဟန်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ROSATOM State Nuclear Energy Corporation

၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Alexey Likhachev အား လက်ခံတွေ့ဆုံခဲ့ရာတွင် ရုရှားနိုင်ငံ၏နျူကလီးယား စွမ်းအင်ဆိုင်ရာ နည်းပညာအသုံးပြု၍ စက်ပစ္စည်းများထုတ်လုပ်ဆောင်ရွက်မှုအခြေအနေ၊ နျူကလီးယားစွမ်းအင် အသုံးပြုမှုနှင့်စပ်လျဉ်း၍ လိုအပ်သည့်ကိစ္စများအား ဆွေးနွေးခဲ့။

- မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ SOV COM Bank မှ Managing Director နှင့် Head of Structured Finance and Financial Solution ဖြစ်သူ Ms. Olga Ermachenleo နှင့်တွေ့ဆုံ၍ ကူးသန်းရောင်းဝယ်ရေးဘဏ်များ၏ လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့။
- ဇွန်လ ၁၇ ရက်တွင် ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှား-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Ivan Polyakov နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးတက်ဆောင်ရွက်နိုင်ရေး၊ ဒီဂျစ်တယ်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်နိုင်ရေး၊ နည်းပညာနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက်ကူညီပံ့ပိုးရေး၊ နှစ်နိုင်ငံလေကြောင်းလိုင်းပြေးဆွဲရေးနှင့် ခရီးသွားလုပ်ငန်းတို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ စက်သုံးဆီသိုလှောင်ကန်နှင့် အခြေခံအဆောက်အအုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘာသာစကားနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။
- လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့်အတူ Park Inn by Radisson Pulkovskaya ၌ ကျင်းပပြုလုပ်သော INTER RAO-Export LLC နှင့် လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနတို့အကြား လျှပ်စစ်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ခဲ့။
- ယင်းလက်မှတ်ရေးထိုးပွဲတွင် INTER RAO-Export LLC ၏ General Director ဖြစ်သူက ကုမ္ပဏီအနေဖြင့် နိုင်ငံတကာတွင် လျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် ပစ္စည်းတင်သွင်းမှု၊ တည်ဆောက်မှုလုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြပြီးနောက် မြန်မာနိုင်ငံတွင် လျှပ်စစ်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့။
- လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်နှင့် စွမ်းအင်ဝန်ကြီးဖြစ်သူ H.E. Mr. SHULGINOV Nikolay ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ Mr. SHULGINOV Nikolay က ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် စွမ်းအင်ဆိုင်ရာကိစ္စရပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် မျှော်လင့်ကြောင်း၊ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများ၌ ရုရှားကုမ္ပဏီများ ပါဝင်ဆောင်ရွက်နေမှုများနှင့် ရေနံနှင့် ရေနံထွက်ပစ္စည်းများ တင်ပို့ရေးနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအတွက် စက်သုံးဆီနှင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကိုရှင်းလင်းပြောကြား၍ ရုရှားနိုင်ငံနှင့် ရေရှည်ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့်စပ်လျဉ်း၍လည်းကောင်း အပြန်အလှန်ဆွေးနွေးခဲ့။
- ဖိုရမ်၏စုံညီအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ခဲ့ပြီး အဆိုပါအစည်းအဝေး၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သမ္မတမစ္စတာဗလာဒီမာပူတင်တက်ရောက်ကာ ကမ္ဘာ့စီးပွားရေးဆိုင်ရာကိစ္စရပ်များ၊ ရုရှားနိုင်ငံ၏ စီမံဆောင်ရွက်နေမှုများ၊ ပထဝီနိုင်ငံရေးဆိုင်ရာကိစ္စရပ်များ၊ ရုရှားစီးပွားရေးအခြေအနေ၊ စီမံကိန်းများအတွက် ငွေကြေးထုတ်ချေးမည့်ကိစ္စရပ်များ၊ စီးပွားရေးပိတ်ဆို့မှုများ၊ မေခရိုစီးပွားရေးတည်ငြိမ်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုများ၊ စိန်ခေါ်မှုများမှ အခွင့်အလမ်းသို့ ပြောင်းလဲဆောင်ရွက်မှုများ၊ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုလုံခြုံစိတ်ချရေး၊ ခေတ်သစ်ပုံစံဖြင့် ဈေးကွက်ဖွင့်လှစ်ဆောင်ရွက်ရေး၊ နိုင်ငံအဆင့် အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝန်ဆောင်မှု တိုးမြှင့်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့်ထည့်သွင်းပြောကြားခဲ့။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် Bank of Russia မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ Ms. Olga Skorobogatova နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် Bank of Russia တို့အကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာ (Bilateral Cooperation MoU) ရေးထိုးရန်ကိစ္စရပ်များနှင့် ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ရုရှားနိုင်ငံ၏ National Payment Card System ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသော MIR မှ CEO ဖြစ်သူ Mr. Vladimir Komlev နှင့် တွေ့ဆုံ၍

နှစ်နိုင်ငံကြားခရီးသွားကဏ္ဍတွင် ဒေသတွင်းနှစ်နိုင်ငံငွေကြေးသုံးစွဲနိုင်ရေးနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကိုလည်းကောင်း ဆွေးနွေးခဲ့။

- ဇွန်လ ၁၈ ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိုရမ်၌ ပြသထားသည့် ပြခန်းများကို လေ့လာ၍ စီးပွားရေး ဆောင်ရွက်ရန် စိတ်ပါဝင်စားသည့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် ဆွေးနွေးခဲ့။

ယခုကျင်းပသောဖိုရမ်သို့ ကာဇက်စတန်နိုင်ငံ သမ္မတက ကိုယ်တိုင်တက်ရောက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတနှင့် အီဂျစ်နိုင်ငံသမ္မတတို့က online မှတစ်ဆင့် ပါဝင်တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။ ထို့ပြင် နိုင်ငံ ၄၃ နိုင်ငံမှ ဝန်ကြီးများ၊ ၈၄ နိုင်ငံမှ သံတမန်အကြီးအကဲများနှင့် နိုင်ငံနှင့်အုပ်ချုပ်မှုဒေသပေါင်း ၁၄၀ ကျော်တို့မှ ကိုယ်စားလှယ်များလည်း ပါဝင်တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၀-၆-၂၀၂၂)**

- **ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စွမ်းအင် ကုမ္ပဏီဖြစ်သော Sigma LLC Co., Ltd. မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၏စွမ်းအင်ကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံရေးအတွက် အခွင့်အလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဆွေးနွေးခဲ့။**
- **မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဥရောပအာရှစီးပွားရေးကော်မရှင်၊ မေခရိုစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီးမှ တည်ခင်းသည့် အလုပ်သဘောညစာစားပွဲသို့ တက်ရောက်၍ မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေး ကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား လက်တွေ့လုပ်ငန်းစဉ်ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များအား ဆွေးနွေးခဲ့။**
- **ပြည်ထောင်စုဝန်ကြီးများဖြစ်သော ဦးအောင်နိုင်ဦးနှင့် ဒေါက်တာပွင့်ဆန်းတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ရုရှားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် စက်မှုဇုန်များ ထူထောင်၍ လာရောက်လုပ်ကိုင်ရေးတို့နှင့်စပ်လျဉ်း၍ နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။**
- **ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှား-အာဆီယံ စီးပွားရေး ကောင်စီဥက္ကဋ္ဌနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးတက်ဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံလေကြောင်း လိုင်းပြေးဆွဲရေးနှင့် ခရီးသွားလုပ်ငန်းတို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ စက်သုံးဆီသိုလှောင်ကန်နှင့် အခြေခံအဆောက်အအုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။**
- **လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Park Inn by Radisson Pulkovskaya ၌ ကျင်းပပြုလုပ်သော INTER RAO-Export LLC နှင့် လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနတို့အကြား လျှပ်စစ်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ခဲ့။**
- **ဖိုရမ်၏စုံညီအစည်းအဝေး၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်တက်ရောက်ကာ ကမ္ဘာ့စီးပွားရေးဆိုင်ရာကိစ္စရပ်များ၊ ရုရှားနိုင်ငံ၏စီမံဆောင်ရွက်နေမှုများ၊ ပထဝီနိုင်ငံရေးဆိုင်ရာကိစ္စရပ်များ၊ ရုရှားစီးပွားရေးအခြေအနေ၊ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံအဆင့်အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝန်ဆောင်မှုတိုးမြှင့်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ထည့်သွင်းပြောကြားခဲ့။**
- **မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌဒေါ်သန်းသန်းဆွေသည် Bank of Russia မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ Ms. Olga Skorobogatova နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် Bank of Russia တို့အကြား နှစ်ဖက် ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာ (Bilateral Cooperation MoU) ရေးထိုးရန် ကိစ္စရပ်များနှင့် ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့။**

# အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်နှင့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်တို့အကြား တွေ့ဆုံဆွေးနွေးပွဲကျင်းပ



အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် (ASEAN Intergovernmental Commission on Human Rights – AICHR) နှင့် အရှေ့တောင်အာရှအမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) တို့အကြား တွေ့ဆုံဆွေးနွေးပွဲကို ဇွန်လ ၂၁ ရက်တွင် Virtual Platform စနစ်ဖြင့် ကျင်းပခဲ့ရာ ဆွေးနွေးပွဲ၌ အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ဖိုရမ်ဥက္ကဋ္ဌဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ လူ့အခွင့်အရေးကော်မရှင်(CHRP)က ၂၀၂၂ ခုနှစ် SEANF ပထမအကြိမ်လုပ်ငန်းအဖွဲ့အစည်းအဝေးနောက်ပိုင်း ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ပေါ်မှုများကို ဆွေးနွေးတင်ပြခဲ့ပြီးနောက် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် (AICHR) ဥက္ကဋ္ဌက ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် AICHR ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဦးစားပေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက AICHR–SEANF တို့အကြား ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ရေး ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အကြံပြုဆွေးနွေးခဲ့ပါသည်။

အခမ်းအနားသို့ ဖိုရမ်အဖွဲ့ဝင် ၆ နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ AICHR ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဥက္ကဋ္ဌ ဦးလှမြင့်နှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၂-၆-၂၀၂၂)**

- **အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်နှင့် အရှေ့တောင်အာရှအမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်တို့အကြား တွေ့ဆုံဆွေးနွေးပွဲကို Virtual Platform စနစ်ဖြင့် ကျင်းပခဲ့။**

# ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်




**တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တောင်ငူမြို့မှ PDF အဖွဲ့ဝင်တစ်ဦးအား ထောက်ပံ့ပစ္စည်းပေးအပ်နေမှု**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသူ PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားများကို ကျင်းပခဲ့ရာ ဇွန်လ ၂၀ ရက်တွင် မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား ၃ ဦးနှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသား ၆ ဦးတို့အား တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ တာဝန်ရှိသူများက ထောက်ပံ့ငွေများ အသီးသီးပေးအပ်ကာ ၎င်းတို့၏ အုပ်ထိန်းသူမိဘဆွေမျိုးများထံသို့ ပြန်လည်အပ်နှံခဲ့ပါသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဟု အသိပေးထုတ်ပြန်ထားပြီးဖြစ်ရာ ဇွန်လ ၂၀ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းမှ ၂၄ ဦး၊ မကွေးတိုင်းဒေသကြီးအတွင်း မှ ၁၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ၁၁ ဦး၊ ပဲခူးတိုင်းဒေသကြီးအတွင်းမှ ၆ ဦး စုစုပေါင်း ၆၆ ဦး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၁-၆-၂၀၂၂)**

- **မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသူ PDF အဖွဲ့ဝင် ၉ ဦး တို့အား တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ တာဝန်ရှိသူများက ထောက်ပံ့ငွေများအသီးသီး ပေးအပ်ကာ ၎င်းတို့၏ အုပ်ထိန်းသူမိဘဆွေမျိုးများထံသို့ ပြန်လည်အပ်နှံခဲ့။**
- **ဇွန်လ ၂၀ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းမှ ၂၄ ဦး၊ မကွေးတိုင်းဒေသကြီးအတွင်းမှ ၁၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှ ၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ၁၁ ဦး၊ ပဲခူးတိုင်းဒေသကြီးအတွင်းမှ ၆ ဦး စုစုပေါင်း ၆၆ ဦး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်။**

**မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၌ ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**











## ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၁,၈၀၀ ကျော်ရရှိ



၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၁၀ ရက်အထိ နှစ်လကျော် ကာလအတွင်း ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုအနေဖြင့် နိုင်ငံပိုင်မှ အမေရိကန် ဒေါ်လာ ၆၄၂ ဒသမ ၇၁၃ သန်းရရှိပြီး ပုဂ္ဂလိကပိုင်မှ အမေရိကန်ဒေါ်လာ ၁,၂၅၀ ဒသမ ၉၃၂ သန်းရရှိသည့်အတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁,၈၉၃ ဒသမ ၆၄၅ သန်းရရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရှိရပါသည်။

၂၀၂၁- ၂၀၂၂ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၁၀ ရက်အထိ ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁,၃၈၃ ဒသမ ၁၄၅ သန်းရရှိခဲ့သည့်အတွက် ယခင်ဘဏ္ဍာနှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ယခုဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅၁၀ ဒသမ ၅ သန်း ပိုမိုရရှိခဲ့ပါသည်။

လက်ရှိတွင် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့် တခြားပို့ကုန်ပစ္စည်းများတင်ပို့ရာ ပို့ကုန်တင်ပို့မှုမှ စုစုပေါင်းအမေရိကန်ဒေါ်လာ ၃,၈၈၅ ဒသမ ၀၇၈ သန်းရရှိထားပြီး ပြည်ပမှ ရင်နှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်းတို့ကိုလည်း ပြန်လည်တင်သွင်းကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၂-၆-၂၀၂၂)**

- **၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၁၀ ရက်အထိ ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၁,၈၀၀ ကျော်ရရှိ။**

## မြို့နယ်အချို့၌ PDF အကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့်နှင့် ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍမြင့်မားတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် စာသင်ကျောင်းများ တည်ဆောက်ပြုပြင်ပေးခြင်း၊ သင်ထောက်ကူပစ္စည်းများ ဖြည့်တင်းဆောင်ရွက်ပေးခြင်းဖြင့် အဖက်ဖက်မှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နေမှုအပေါ် PDF အကြမ်းဖက်သမားများသည် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ မိဘများအပေါ် ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ဆန့်ကျင်ခြိမ်းခြောက်စာများ ရေးသားချိတ်ဆွဲ၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများအပြင် ကျောင်းသုံးပုံနှိပ်စာအုပ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ဖြန့်ဝေမှုကို တားဆီးနှောင့်ယှက်ခြင်းများဖြင့် ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ယုတ်မာရိုင်း






**မိုးကောင်းမြို့နယ်၊ အထက(၁)၏ ဝင်ပေါက်တံခါး၌ အကြမ်းဖက်သမားများက ဆန့်ကျင်ခြိမ်းခြောက်စာများရေးသားချိတ်ဆွဲထားရှိမှု**


စိုင်းသော ရည်ရွယ်ချက်များဖြင့် အစိုးရ၏ဆောင်ရွက်ချက်များကို ဖျက်လိုဖျက်ဆီးလုပ်ဆောင်လျက်ရှိပါသည်-

- ဇွန်လ ၂၀ ရက်တွင် PDF အကြမ်းဖက်သမားများက ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်ရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၏ ဝင်ပေါက်တံခါး၌ အဖြူရောင်ပိတ်စပေါ်တွင် အနီရောင်သဘော်ဆေးဖြင့် "သွေးစွန်းပညာရေးမှ ရုန်းထွက်ကြ" စာသားအား ရေးသားကာ ကျောင်းဝတ်စုံ ၁ စုံအား သဘော်ဆေး အနီရောင်များ ပက်ဖြန်း၍ ချိတ်ဆွဲထားပြီး ကျောင်းအဝင်လမ်းပေါ်၌ သဘော်ဆေးအနီရောင်များ ပတ်ဖြန်းထားခဲ့။
- ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း၏ ခြံစည်းရိုးအုတ်ခုံပေါ်၌ PDF အကြမ်းဖက်သမားများက အနာဂတ်လူငယ်များ၏ ပညာသင်ကြားမှုအား ဟန့်တားသည့် ခြိမ်းခြောက်စာတစ်စောင်ကို ထားသွားခဲ့။
- မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲဝင်းအတွင်းရှိ အားကစားကွင်းနှင့် ခြံစည်းရိုးအုတ်တံတိုင်းကြား၌လည်းကောင်း၊ အားကစားကွင်း၏ အနောက်ဘက်၌လည်းကောင်း PDF အကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်း ၂ လုံးတို့ ပေါက်ကွဲခဲ့။
- မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံခြားဘာသာတက္ကသိုလ်အား အကြမ်းဖက်သမား ၂ ဦးက လက်ပစ်ဗုံး ၁ လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ တက္ကသိုလ်ဝင်းအတွင်းရှိ နားနေဆောင်အပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး အမိုးသွပ်ပြားများ ပေါက်ပြဲပျက်စီးခဲ့။

အထက်ပါဖြစ်စဉ်မှ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများပြုလုပ်ခဲ့သည့် နိုင်ငံရေးအစွန်းရောက်အကြမ်းဖက်များအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၂-၆-၂၀၂၂)**

- **မိုးကောင်းမြို့နယ်ရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၏ ဝင်ပေါက်တံခါး၌ အဖြူရောင်ပိတ်စပေါ်တွင် အနီရောင်သဘော်ဆေးဖြင့် "သွေးစွန်း ပညာရေးမှ ရုန်းထွက်ကြ" စာသားအား ရေးသားကာ ကျောင်းဝတ်စုံ ၁ စုံအား သဘော်ဆေး အနီရောင်များ ပက်ဖြန်း၍ ချိတ်ဆွဲထားပြီး ကျောင်းအဝင်လမ်းပေါ်၌ သဘော်ဆေး အနီရောင်များ ပတ်ဖြန်းထားခဲ့။**
- **မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲဝင်းအတွင်းရှိ အားကစားကွင်းနှင့် ခြံစည်းရိုးအုတ်တံတိုင်းကြား၌လည်းကောင်း၊ အားကစားကွင်း၏ အနောက်ဘက်၌လည်းကောင်း PDF အကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်း ၂ လုံးတို့ ပေါက်ကွဲခဲ့။**
- **အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံခြားဘာသာတက္ကသိုလ်အား အကြမ်းဖက်သမား ၂ ဦးက လက်ပစ်ဗုံး ၁ လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့။**




**ညောင်လေးပင်မြို့နယ်၊ ပျဉ်ရေကြီးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ PDF အကြမ်းဖက်သမားလာရောက်ပို့ဆောင်သည့် ခြိမ်းခြောက်စာ**

## အကြမ်းဖက်သမားများက သာသနာရေးဆိုင်ရာ အဆောက်အဦအား မီးပုလင်းများဖြင့် ပစ်ပေါက်

အစွန်းရောက်အကြမ်းဖက်သမားများသည် ငွေကြေးထောက်ပံ့မှုရယူကာ နောက်ကွယ်မှ သွေးထိုးမြှောက်ပင့်လှုံ့ဆော်မှုများဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှု ပျက်ပြားစေရန် အကြမ်းဖက်လုပ်ရပ်များအား အများပြည်သူသွားလာနေသော လမ်းမကြီးများ၊ လမ်းများနှင့် ဌာနဆိုင်ရာရုံးများအား လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲခြင်း၊ ပစ်ပေါက်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် သာသနာရေးဆိုင်ရာ အဆောက်အဦများကိုပါ အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပါသည်။

ဇွန်လ ၁၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မြို့ပတ်လမ်းရှိ ရွာမပရိယတ္တိစာသင်တိုက်အား အကြမ်းဖက်အမျိုးသား ၂ ဦးက အဆိုပါစာသင်တိုက်ဘေးရှိ မြို့ပတ်လမ်းဘက်မှ မီးပုလင်း ၂ ခုဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ သုံးထပ်ကျောင်းဆောင်အုတ်နံရံအား ထိမှန်ခဲ့ပြီး ဒုတိယထပ်ရှိ ပြတင်းပေါက်မှန် ၁ ချပ်ကွဲအက်ပျက်စီးခဲ့ပါသည်။

အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်အရ CRPH၊ NUG အကြမ်းဖက်အဖွဲ့များ၏ စေခိုင်းချက်ဖြင့် PDF အကြမ်းဖက်သမားများက ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များကို ထောက်ခံခြင်းမရှိသည့် ဘုန်းကြီးကျောင်းများကို မီးရှို့ဖျက်ဆီးခြင်း၊ ဗုဒ္ဓသာသနာပြန့်ပွားရေး သာသနဝတာဝန်ထမ်းဆောင်နေသော ဘုရားသားတော်များအား အကြောင်းမဲ့ ရက်ရက်စက်စက် ဖမ်းဆီးသတ်ဖြတ်ခြင်းများသည် မြန်မာလူမျိုးအများစု၏ ကိုးကွယ်ယုံကြည်ရာဖြစ်သော ဗုဒ္ဓဘာသာ သာသနာတော်ညှိုးနွမ်းပျက်စီးစေခြင်းနှင့် မြန်မာလူမျိုးတို့ အထွဋ်အမြတ်ထားသည့် ဘာသာသာသနာကိုပါ ထိခိုက်စော်ကားခြင်းအတွက် ပြည်သူတစ်ရပ်လုံးက ရွံ့ရှာမုန်းတီး၍ ဆန့်ကျင်ရှုတ်ချလျက်ရှိပါသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၁-၆-၂၀၂၂)**



**အင်းစိန်မြို့နယ်ရှိ ရွှာမပရိယတ္တိစာသင်တိုက်အား အကြမ်းဖက်သမားများက မီးပုလင်းဖြင့် ပစ်ပေါက်ခဲ့မှု**

- **အင်းစိန်မြို့နယ်ရှိ ရွှာမပရိယတ္တိစာသင်တိုက်အား အကြမ်းဖက်အမျိုးသား ၂ ဦးက မီးပုလင်း ၂ ခုဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သဖြင့် သုံးထပ်ကျောင်းဆောင်၊ ဒုတိယထပ်ရှိ ပြူတင်းပေါက်မှန် ၁ ချပ်ကွဲအက်ပျက်စီးခဲ့။**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များအားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ-

- ဇွန်လ ၁၅ ရက်မှ ၂၁ ရက်ထိ နေပြည်တော်ကောင်စီနယ်မြေ၌ ၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ ၆ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၃ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၁၄ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၁ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၁ ဦးနှင့် ရှမ်းပြည်နယ်၌ ၄ ဦး စုစုပေါင်း ၃၂ ဦးတို့ကို ဖမ်းဆီးရမိခဲ့။
- ဇန်နဝါရီလ ၂၇ ရက်မှ ဇွန်လ ၂၁ ရက်ထိ စုစုပေါင်း ၆၁၀ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၂-၆-၂၀၂၂)**

- **ဇွန်လ ၁၅ ရက်မှ ၂၁ ရက်ထိ နေပြည်တော်ကောင်စီနယ်မြေ၌ ၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ ၆ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၃ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၁၄ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၁ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၁ ဦးနှင့် ရှမ်းပြည်နယ်၌ ၄ ဦး စုစုပေါင်း ၃၂ ဦးတို့ကို ဖမ်းဆီးရမိခဲ့။**
- **ဇန်နဝါရီလ ၂၇ ရက်မှ ဇွန်လ ၂၁ ရက်ထိ စုစုပေါင်း ၆၁၀ ဦးအား ဥပဒေနှင့်အညီ အရေးယူထားရှိ။**